# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
# Coronavirus Disease 2019 (COVID-19) ကပ်ရောဂါကာလအတွင်း
# စုံစမ်းစစ်ဆေးရာတွင် လိုက်နာရမည့် တည်မြဲလုပ်ထုံးလုပ်နည်း

၁။ ကိုဗစ်-၁၉ သည် ကူးစက်မြန်ရောဂါဖြစ်ပြီး၊ မည်သည့်သံသယဖြစ်ဖွယ်လူနာ (သို့) အခြေအနေကိုမဆို သတင်းပို့တိုင်ကြားရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည်။ ကူးစက်မြန် ကိုရိုနာအဆုတ်ရောင်ရောဂါ ၂၀၁၉ (ကိုဗစ်-၁၉)သည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ကြောင်း ၂၀၂၀ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ကြေငြာခဲ့သည်။ ထိုကြေညာချက်ထုတ်ပြီးနောက် ၂၀၂၀ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၉ နိုဘဲလ် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီအားဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ထိုအချိန်မှစ၍ လူထု၊ အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့အား အသိပညာပေးရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာများ/လမ်းညွှန်ချက်များကို အချိန်နှင့်တပြေးညီ ထုတ်ပြန်လျက်ရှိသည်။ အဆိုပါ လမ်းညွှန်ချက်များသည် မြန်မာနိုင်ငံရှိ လူသားအားလုံးအတွက် အကျုံးဝင်ပြီး၊ မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိသူတိုင်း ကိုဗစ်-၁၉ ပျံ့နှံ့မှုတားဆီးထိန်းချုပ်ရန်အတွက် ယင်းလမ်းညွှန်ချက်များကို အတိအကျ လိုက်နာရမည်ဖြစ်သည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးအနေဖြင့် ကိုဗစ်-၁၉ ကာလတွင် စုံစမ်းစစ်ဆေးရေးနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ အရာရှိများနှင့်ဝန်ထမ်းများ အထူးသဖြင့် အဂတိလိုက်စားမှုစုံစမ်းစစ်ဆေးရာတွင် ပါဝင်သူများသည် ဤသို့ ခက်ခဲသည့်အချိန်၌ ရုံးတွင်လည်းကောင်း၊ ကွင်းဆင်းဆောင်ရွက်ရာတွင်လည်းကောင်း လုပ်ငန်းများ ဆောင်ရွက်ရာ၌ စိန်ခေါ်မှုများပိုမိုကြုံတွေ့နိုင်ဖွယ်ရှိသည်။ ထို့ကြောင့် အဆိုပါအရာရှိများနှင့် ဝန်ထမ်းများအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များအပြင် ဤတည်မြဲလုပ်ထုံးလုပ်နည်းအား လိုက်နာဆောင်ရွက်ပြီး ကပ်ရောဂါဘေးအန္တရာယ်ကင်းမှုနှင့် တာဝန်ကျေပွန်မှု အကျိုးဖြစ်ထွန်းစေရန်ရည်ရွယ်၍ ပြုစုထားခြင်း ဖြစ်သည်။

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အရာရှိများ၏ ပထမဆုံးနှင့်အရေးကြီးဆုံးတာဝန်မှာ ကိုဗစ်-၁၉ ကပ်ရောဂါ ပျံ့နှံ့မှုကို လျှော့ချရန်ဖြစ်ပြီး လူတိုင်းဘေးကင်းစေရေးအပါအဝင် မိမိကိုယ်တိုင်၊ မိမိ၏ လုပ်ဖော်ကိုင်ဖက်များနှင့် လုပ်ငန်းတွင်ဆက်စပ်မှုရှိသူတိုင်းအား ကာကွယ်ရန်အတွက် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ်တွင် သတိကြီးစွာထား၍ ဆောင်ရွက်ရမည် ဖြစ်သည်။ ဒေသဆိုင်ရာအာဏာပိုင်များမှ ကိုဗစ်-၁၉ ကူးစက်မှုခံရသည်ဟု အချိန်နှင့်တပြေးညီ ကြေညာထားသော မြို့ကြီးများ၊ မြို့များ၊ ကျေးရွာများတွင် စုံစမ်းစစ်ဆေးမှုများအား ရှောင်ရှားရန်အပါအဝင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ဆိုင်ရာ သတိပြုရန်အချက်များနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ အားလုံးကို တိကျစွာလိုက်နာ ဆောင်ရွက်ရန် ဖြစ်ပါသည်။

**ကြီးကြပ်ထိန်းချုပ်ခြင်း**

၄။ ကွင်းဆင်းဆောင်ရွက်နေသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့များအား ကိုဗစ်-၁၉ နှင့် ဆက်စပ်သည့်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန် လမ်းညွှန်မှုပေးမည့် ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုဗဟိုဌာန(Command and Control Center)အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊နေပြည်တော်တွင် ကော်မရှင်အတွင်းရေးမှူး ဦးဆောင်လျက် ဖွဲ့စည်းထူထောင်ထားပြီး ထပ်မံပေါ်ပေါက်လာနိုင်သည့် အရေးပေါ်အခြေအနေများကို ဆောင်ရွက်နိုင်ရန် အရံအဖွဲ့တစ်ခုကိုလည်း အသင့်ထားရှိသည်။

**ကိုဗစ်-၁၉ အပေါ် ပိုမိုသိရှိသတိထားခြင်း**

၅။ (က) ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုအား ဆက်လက်သတိဝိရိယထား၍ နေထိုင်ရမည်။

(ခ) ကိုဗစ်-၁၉ သည် အများအားဖြင့် နှာခေါင်းတို့ဖက်(သို့) ပါးစပ်မှတဆင့် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ တစ်ဦး ချောင်းဆိုးစဉ် (သို့) လေရှူထုတ်စဉ် တစ်ဦးမှ တစ်ဦးသို့ ကူးစက်ပျံ့နှံ့ခြင်းဖြစ်သည်။

(ဂ) ဗိုင်းရပ်စ်ပိုးရှိနေသည့် မျက်နှာပြင်များ (သို့) အရာဝတ္ထုများကို ထိတွေ့ပြီးနောက် မျက်လုံးများ၊ နှာခေါင်း(သို့) ပါးစပ်အား ထိတွေ့ခြင်းဖြင့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့သည်။

(ဃ) ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ မောပမ်းခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ အသက်ရှူကြပ်ခြင်းနှင့် အသက်ရှူရခက်ခဲခြင်းတို့ဖြစ်သည်။ အချို့လူနာများသည်နာကျင်ကိုက်ခဲမှုများ၊ နှာပိတ်ခြင်း၊ နာရေယိုခြင်း၊ လည်ချောင်းနာခြင်း (သို့) ဝမ်းလျှောခြင်း တို့ကြုံတွေ့ကြသည်။

(င) ရောဂါကူးစက်ခံရသူတိုင်း ရောဂါလက္ခဏာများ ဖြစ်ပေါ်ခြင်းမရှိကြောင်းကိုလည်း သတိပြုရမည်။

(စ) လူများစုသည် မည်သည့်အထူးကုသမှု မရှိဘဲ ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်ကြသည်။

**ကိုဗစ်-၁၉ မှ ကာကွယ်ခြင်း**

၆။ **Standard Personal Protection Measures (SPPMs)** ဆိုသည်မှာ ကိုဗစ်-၁၉ ကိုယ်တိုင်ကာကွယ်ရေးအတွက် အောက်ဖော်ပြပါ အဆင့်များအားလုံးကို ဆိုလိုသည်-

(က) တာဝန်ချိန် နှင့် တာဝန်ချိန်ပြင်ပတွင် (သို့) မည်သူနှင့်မဆို တိုက်ရိုက်/မတော်တဆ ထိတွေ့မှုရှိပြီးနောက် လက်သန့်စင်ဆေး(သို့) လက်များကို ဆပ်ပြာနှင့် ရေဖြင့် အနည်းဆုံး စက္ကန့် ၂၀ ဆေးကြောရန်။ အကယ်၍ ဆပ်ပြာနှင့်ရေ အလွယ်တကူမရနိုင်ပါကအနည်းဆုံးအရက်ပျံ ၆၀%ပါဝင်သော လက်သန့်စင် ဆေးရည်ကို သုံးရန်။

(ခ) မျက်နှာ အထူးသဖြင့် - မျက်လုံးများ၊ နှာခေါင်း (သို့) ပါးစပ်အား လက်မဆေး ဘဲ ထိတွေ့ခြင်း မှ ရှောင်ကျဉ်ရန်။

(ဂ) WHO လမ်းညွှန်ချက်အတိုင်း - လုပ်ငန်းခွင်တွင် (သို့) လူများနှင့် ဆက်ဆံဆောင်ရွက်စဉ်တွင် အခြားသူတစ်ဦးနှင့် ၆ ပေ အကွာ၌ နေထိုင်ခြင်း - Social Distancing ကို လိုက်နာဆောင်ရွက်ရန်။

(ဃ) လူများနှင့် လက်ဆွဲနှုတ်ဆက်ခြင်း/ ပွေ့ဖက်ခြင်း မပြုလုပ်ရန်။

(င) ချောင်းဆိုးခြင်း/နှာချေခြင်းဆိုင်ရာ ကျင့်ဝတ်အနေနှင့် သင်၏ပါးစပ်နှင့် နှာခေါင်းကို တစ်ရှူးဖြင့်ဖုံးရန်။ သုံးစွဲပြီးတစ်ရှူးအား သေချာစွာစွန့်ပစ်ရန်။ အကယ်၍ တစ်ရှူးမရှိပါက သင်၏မျက်နှာကို လက်မောင်း၊ တံတောင်ကွေးဖြင့် ဖုံးအုပ်ရန်။

၇။ **Personal Protection Equipment (PPE)** တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများသည် ကိုဗစ်-၁၉ မှ ကာကွယ်ပေးရန် ဝတ်ဆင်သည့် နှာခေါင်းစည်းများ၊ လက်အိတ်များနှင့် တစ်ကိုယ်လုံး ဖုံးအုပ်သည့် ဝတ်စုံ ဖြစ်သည်။ နှာခေါင်းစည်းများ၊ လက်အိတ်များ သုံးစွဲခြင်းနှင့်စွန့်ပြစ်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ကြရမည်-

(က) စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ရာတွင် ပါဝင်မည့် အရာရှိများအားလုံး တာဝန်ချိန်နှင့် တာဝန်ချိန်ပြင်ပအတွင်း SPPMs နှင့် PPE အသုံးပြုပုံများကို လေ့ကျင့်ထားရန်။

(ခ) အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး၊ တားဆီးကာကွယ်ရေးနှင့်စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှအရာထမ်းများနှင့် ဝန်ထမ်းများအားလုံးကို ရောဂါလက္ခဏာများကြုံတွေ့နိုင်မှု၊ ရောဂါလက္ခဏာသည် ရောဂါပိုးကူးစက် ခံရသူတိုင်းတွင် မြင်သာအောင်ဖော်ပြခြင်း မရှိမှုတို့ကို အသိပညာပေးမှုနှင့် ကိုဗစ်-၁၉ ကာကွယ်ခြင်းတို့အတွက် လေ့ကျင့်သင်ကြားပေးရန်။

(ဂ) တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများ (ဥပမာ- လက်အိတ်များ၊ ဝတ်စုံတစ်ခုလုံး၊ အရက်ပျံပါသော လက်ဆေးရည်များ/ လက်သန့်စင်ဆေးများ၊ ကာကွယ်ရေး ပါးစပ်နှင့် နှာခေါင်းစည်းများ)ထုတ်ပေးရန်နှင့် ပစ္စည်းကိရိယာများ၊ မိုဘိုင်းဖုန်းများနှင့် စုံစမ်းစစ်ဆေးမှု တစ်လျှောက်ယူဆောင်သွားမည့်ပစ္စည်းကိရိယာတိုင်း (ဥပမာ - ခရီးဆောင်လက်ဆွဲအိတ်များ)ကို ပိုးသတ်ထားရမည်။

(ဃ) ကွင်းဆင်းဆောင်ရွက်နေသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဌာနမှ စီစဉ်ဆောင်ရွက်ပေးသော နှာခေါင်းစည်း၊ လက်အိတ်၊ ပိုးသတ်ဆေး၊ PPE ဝတ်စုံ၊ ဆေးဖြန်းပုံး၊ လက်သန့်စင်ဆေးရည်၊ ဆပ်ပြာ၊ တစ်ရှူးများ၊ အပူချိန်တိုင်းကိရိယာ၊ မျက်နှာဖုံးအကာ၊ ပလပ်စတစ်အကာများ၊ အရက်ပြန်များစသည့် အသုံးအဆောင်များကို အလုံအလောက် တစ်ပါတည်း ယူဆောင်သွားကြရမည်။

## တိုင်ကြားစာ ဖြေရှင်းဆောင်ရွက်ခြင်း

၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတွင် မေးမြန်းရန် (သို့) သတင်း အချက်အလက် မှန်ကန်မှုစစ်ဆေးရန်အတွက် သတင်းပေးသူ လာရောက်ရန် လိုအပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လုပ်ငန်းဆောင်ရွက်မည့် အရာရှိများကို အကာအကွယ် ကိရိယာများ သင့်လျော်စွာဝတ်ဆင်စေပြီး၊ကိုဗစ်-၁၉ ကာကွယ်ခြင်းဆိုင်ရာများအား လေ့ကျင့်သင်ကြားပေးရန်။

(ခ) ပလပ်စတစ်အကာအကွယ်အသုံးပြု၍ မေးမြန်းရန်။

(ဂ) လူစုလူဝေးဖြစ်ခြင်းကို ကာကွယ်ရန်နှင့် မေးမြန်းနေစဉ်အတွင်း ၆ ပေ အကွာအဝေးဖြင့် ထားရှိရန်။

(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးသို့ ဧည့်သည်များ မဝင်မီ ကျန်းမာရေးဆိုင်ရာ မေးခွန်းများအပါအဝင် ဌာနတွင်း စစ်ဆေးမေးမြန်းမှု ပြုသည့်အလေ့အကျင့်များကို အကောင်အထည်ဖော်၊ လိုက်နာဆောင် ရွက်ရန်။

(င) အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ရုံးတွင်းသို့ လာရောက်သည့် ဧည့်သည်များ(သို့) တိုင်ကြားသူများနှင့် ဆက်ဆံမည့် အရာရှိများ အရေ အတွက်ကို ကန့်သတ်ထားရန်။

(စ) ဧည့်သည်များ (သို့) တိုင်ကြားသူများနှင့် ဆက်ဆံမည့် အရာရှိတစ်ဦးစီ အား အလှည့်ကျတာဝန်ပေးပြီး၊ ထိုအရာရှိအား PPE ဝတ်စုံဝတ်ဆင်ရန် နှင့် ကိုဗစ်-၁၉အတွက် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ သင်တန်းပေးထား ရန်။

(ဆ) ဝန်ထမ်းထံမှ သင့်တော်သည့်အကွာအဝေးတွင် ဧည့်သည် မတ်တပ်ရပ် ရန်နှင့် ထိုင်ရန်အတွက်နေရာကို အမှတ်အသားပြုလုပ်ထားရန်။

(ဇ) ဧည့်သည်များ အတွက် လက်ဆေးရန် ရေးသားဖော်ပြထားရန်။

(ဈ) ပါးစပ်နှင့် နှာခေါင်းစည်းများဝတ်ဆင်လာခြင်း မရှိပါက ၎င်းတို့အား ပါးစပ်နှင့် နှာခေါင်းစည်းများ ပေးရန်။

(ည) ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူများ ရှာဖွေ ထောက်လှမ်းမှု ပြုလုပ်နိုင်ရန် အတွက် ဧည့်သည်များ/တိုင်ကြားသူများအား မှတ်တမ်းထား ရှိရန်။

(ဋ) ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်အား လျှို့ဝှက်ထားရန်ကို လည်း ထည့်သွင်း သတိပြုရန်။

(ဌ) အန္တရာယ်အများဆုံး ကျရောက်နိုင်သူများ ဥပမာ - အသက် ၆၀ ကျော် သူများ/ ပင်ကိုယ်ရောဂါရှိနေသူများကို သတိထားရန်။

**စုံစမ်းစစ်ဆေးမှုဆောင်ရွက်ခြင်း**

**၉။** စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ရာတွင် အောက်ပါအချက်များအတိုင်း ဆောင်ရွက် သွားရမည်-

(က) ဦးစားပေးသတ်မှတ်ပြီး မဖြစ်မနေဆောင်ရွက်ရန် မလိုအပ်ဘဲ စွန့်စားရ သော လှုပ်ရှားမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများ/ စုံစမ်းစစ်ဆေးမှုများ ကို ရွှေ့ဆိုင်းရန်။

(ခ) စုံစမ်းစစ်ဆေးမှု စီမံချက်ရေးဆွဲပြင်ဆင်စဉ်တွင် မည်သည်က လိုအပ် သည်နှင့် မည်သည့်နေရာတွင် လိုအပ်သည်၊ မည်သူဆောင်ရွက်မည်၊ မည်သည်ကို
မည်သို့လုပ်ဆောင်မည်နှင့်ကပ်ရောဂါကာလအတွင်းမည်သည့်
အကြောင်းကြောင့် ဆောင်ရွက်ရမည်တို့ကို ထည့်သွင်းစဉ်းစားရန်။

(ဂ) ကျန်းမာရေးဌာန (သို့) ဒေသန္တရအာဏာပိုင်များက ရောဂါကူးစက်ခံရ သည့်ဒေသခံများ (သို့) နေရာများနှင့် လူများလှုပ်ရှား သွားလာမှုကို ကန့်သတ်(သို့) တားမြစ်ထားသော နေရာများတွင် စုံစမ်းစစ်ဆေးခြင်း/ ရှာဖွေ / သိမ်းဆည်းမှု ဆောင်ရွက်ခြင်းတို့ကို ရှောင်ကျဉ်ရန်။

(ဃ) ကွင်းဆင်းဆောင်ရွက်သည့်အခါ ကိုဗစ်-၁၉ ကူးစက်ခြိမ်းခြောက် မှုရှိပြီး အကယ်၍ သက်သေပျောက်ဆုံးနိုင်ချေ မရှိပါက(သို့)နည်းပါးသည်ဟု

ယူဆပါက စုံစမ်းစစ်ဆေးမှုဆက်လုပ်ရန် (သို့) မှုခင်းနေရာမှ ထွက်ခွာရန် အတွက် စဉ်းစားဆုံးဖြတ်ရန်။

(င) စုံစမ်းစစ်ဆေးမှုဆောင်ရွက်နေစဉ် ကိုဗစ်-၁၉ ကူးစက်နိုင်ချေအန္တရာယ် ရှိသည့် အခြေအနေတစ်ခုခုဖြစ်ပေါ်လာပါက စုံစမ်းစစ်ဆေးမှု ဆက်လက် လုပ်ဆောင်ရန် ကျိုးကြောင်းဆီလျော်မှုလိုအပ်မှု၊ ဥပဒေအရအကြုံးဝင်မှု စည်းမျဉ်းများကို အသုံးပြုရန်။

(စ) စုံစမ်းစစ်ဆေးနေသော မှုခင်းနေရာမှ ထွက်ခွာရန် ဆုံးဖြတ်ပါက ရှာဖွေ နေသော သက်သေအထောက်အထား အဖျက်ဆီးမခံရရန် ဖြစ်နိုင်ချေရှိ သမျှ လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်။

(ဆ) သက်သေအထောက်အထားများကို ဓါတ်ပုံရိုက်ခြင်း၊ ဗွီဒီယို မှတ်တမ်း တင်ခြင်းပုံစံများဖြင့် သက်သေတည်ရှိနေမှုအတွက် လိုအပ်သည့် အဆင့် များကို ဆောင်ရွက်ရန်။

(ဇ) စုံစမ်းစစ်ဆေးမှုဆောင်ရွက်နေစဉ် အင်အားသုံးရန် လိုအပ်မှသာ ဆောင် ရွက်ရန်။အမှန်တကယ်လိုအပ်မှု၊ အချိုးအစားညီမှု၊ ဥပဒေအရ အကျုံးဝင်မှု ဟူသည့် စည်းမျဉ်းများကို အသုံးပြုရန်။

(ဈ) လူတစ်ဦးအား ရှာဖွေရန် လိုအပ်လာပါက ထိုသူတွင် ပါးစပ်နှင့် နှာခေါင်း စည်းဝတ်ဆင် မထားပါက သူ့အားပါးစပ်နှင့် နှာခေါင်းစည်း ပေးရန်။

(ည) ထိုသူထံမှ မိမိစစ်ဆေးရန် စိတ်ဝင်စားသည့် ပစ္စည်းများ၊ အဝတ်အထည် နှင့် ပိုင်ဆိုင်သည့်ပစ္စည်းများအား ပြသရန်နှင့် ခန္ဓာကိုယ် ထိတွေ့ခြင်းကို လုံးဝလိုအပ်မှသာ၊ PPE ဝတ်ဆင်ပြီး ဘေးကင်းစိတ်ချသည့် အခြေအနေ တွင် ထိုသူတွင်ဗိုင်းရပ်စ်ပိုးရောဂါလက္ခဏာများ ရှိနိုင်သည်ကို လေ့လာပြီး မှသာ ဆောင်ရွက်ရန်။

(ဋ) ပစ္စည်း၊ ငွေနှင့်အခြားတရားမဝင်ကုန်ပစ္စည်း (သို့) သက်သေဖြစ်နိုင်သည့် အဖိုးတန်အရာများကို သိမ်းဆည်းရန်အတွက် မော်တော်ယာဉ် (သို့) ရေယာဉ်(သို့) နေရာဥပစာများတွင် ရှာဖွေရန်လိုအပ်လျှင် ဓါတ်ပုံရိုက်

ခြင်းနှင့် ဗွီဒီယိုရိုက်ခြင်းနှင့် ရှာဖွေခြင်းတို့ကို ရောဂါပိုးမွှား အပြည့်အဝ သန့်စင်ပြီး စိတ်ချရသည့် အချိန်နှင့်နေရာတွင် ဆောင်ရွက်ရန်။

(ဌ) ဖြစ်နိုင်ပါက သက်သေတည်ရှိမှု တည်ဆောက်ရန် လုပ်ငန်းစဉ်များကို အဆင့်လိုက် ဆောင်ရွက်ရန်နှင့်ဗိုင်းရပ်စ်ပိုးသည် ရေခဲနှင့်အေးခဲနေသည့် ပစ္စည်းများပေါ်တွင်တည်ရှိနိုင်ကြောင်း သတိထားပြီးဆောင်ရွက်ရန်။

(ဍ) လူပုဂ္ဂိုလ်များအပေါ် သမ္မာန်စာများ/နို့တစ်စာများ ထုတ်ရန်(သို့) ပိုင်ဆိုင်သည့်ပစ္စည်းများတွင် တိပ်ကပ်ရန် လိုအပ်ပါက ထိုသို့ပြု လုပ်ပြီးနောက် လက်ဆေးရန်နှင့် သမ္မာန်စာများ/နို့တစ်စာများ လက်ခံရရှိကြောင်း အသိအမှတ်ပြုပေးရစဉ် လက်အိတ်များကို အမြဲသုံးရန်။

(ဎ) သက်သေများနှင့် သို့မဟုတ် သံသယရှိသူများအား မေးမြန်းရန် လိုအပ်လာပါက အဆိုပါ မေးမြန်းခြင်းတို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး၌သာ Social Distancing စံသတ်မှတ်ချက်များနှင့် လူကိုယ်တိုင် ထိတွေ့မှုကို ရှောင်ရှား၍ လုပ်ဆောင်ရန်နှင့် မေးမြန်းမည့် စုံစမ်းစစ်ဆေးရေးမှူးသည် PPE ဝတ်ဆင်ရန်။

(ဏ) သက်သေများ/သံသယရှိသူသည် ပါးစပ်နှင့်နှာခေါင်းစည်းများ ဝတ်ဆင်မထားပါကပါးစပ်နှင့်နှာခေါင်းစည်းပေးပါ။အကယ်၍သက်သေ/ သံသယရှိသူအား စာရွက်စာတမ်းများ (သို့) သက်သေ ဖြစ်နိုင်သည့် ပစ္စည်းများပြသရန် လိုအပ်ပါက၊ပြသပြီးနောက် ရောဂါပိုးမွှားသန့်စင်ရေး ပြုလုပ်ရန်။ မေးမြန်းမှုပြီးဆုံးပြီးနောက် ဝတ္ထုပစ္စည်းမျက်နှာပြင်များအား ပိုးသတ်ဆေးများ သုံး၍သန့်ရှင်းခြင်းအပါအဝင် စုံစမ်းစစ်ဆေးမှု ပြုလုပ်သည့် အခန်းကို ရပ်ပိုင်းဆိုင်ရာ သန့်ရှင်းရေး လုပ်ဆောင်ရန်။

(တ) စုံစမ်းစစ်ဆေးခြင်းအတွက် ဘဏ်များ/ငွေကြေးအဖွဲ့အစည်းများ (သို့) အခွင့်အာဏာပိုင်များထံမှ ဘဏ္ဍာရေးစာရွက်စာတမ်းများ တောင်းခံရမည်ဖြစ်ပါက အီလက်ထရောနစ် ပုံစံဖြင့် ရယူရန် ဦးစားပေးရန်။

(ထ) တစ်ဦးချင်းစီအား မူရင်းစာရွက်များကို နောင်တွင်လိုအပ်ပါက တောင်းခံနိုင်ရန် ဘေးကင်းလုံခြုံစွာ သိမ်းဆည်းထားစေရေးအတွက် မှာကြားထားရန်။

(ဒ) စာရွက်စာတမ်းများနှင့် ငွေကြေးတို့ကို ကိုင်တွယ်ရာတွင် ယင်းတို့တွင် ရောဂါပိုးရှိနေနိုင်ကြောင်းစဉ်းစားပါ။ စာရွက်စာတမ်းများအား မလိုအပ်ဘဲ ထိတွေ့ခြင်းကို ကန့်သတ်ပါ(သို့)ရှောင်ကျဉ်ပါ၊ဖြစ်နိုင်ပါက လက်အိတ်များသုံးပါ။ မရနိုင်လျှင်စာရွက် (သို့) ငွေကြေးအား ကိုင်တွယ်ပြီးနောက် ချက်ချင်းလက်ဆေးရန်၊ ငွေကြေးပမာဏများစွာကို ရေတွက်ရန် လိုအပ်ပါက ငွေရေစက်ကိုသုံးရန်နှင့် ငွေစက္ကူများနှင့်ထိတွေ့မှုကို ကန့်သတ်ဆောင်ရွက်ရန်။

(ဓ) ပူးပေါင်းဆောင်ရွက်လိုမှု မရှိသူများနှင့်ဆက်ဆံရပါက ထိတွေ့မှုကို ကန့်သတ်၍ လက်ဆေးသည့်အကျင့်ကို ပြုလုပ်ရန်။ ထိုသို့ သောသူများနှင့်ဆက်ဆံရပါက အထူးဂရုပြုပြီး၊ PPE ဝတ်စုံဝတ်ဆင်ရန်။

(န) ကွင်းဆင်းစုံစမ်းစစ်ဆေးမှုဆောင်ရွက်နေစဉ် လူစုလူဝေးဖြစ်မှုကို တားဆီးကာကွယ်သည့်နည်းလမ်းများကို လိုက်နာရန်။

(ပ) ရုံးများတွင် အလုပ်လုပ်နေစဉ်နှင့် ကွင်းဆင်းဆောင်ရွက်နေစဉ် အကွာအဝေးဖြင့် နေထိုင်ခြင်း(Social Distancing)ကို ထိန်း သိမ်းထားရန်။

(ဖ) ဧည့်သည်များနှင့် မလိုအပ်ဘဲ ထိတွေ့မှုကို ကန့်သတ်ရန်။

(ဗ) စုံစမ်းစစ်ဆေးမှုတွင် ပါဝင်သည့် မည်သည့် ဧည့်သည်မဆို ပြန်သွားပြီးနောက် (သို့) စုံစမ်းစစ်ဆေးမှုပြီးဆုံးပြီးနောက် ထိုလူနှင့်ထိတွေ့သောရုံးခန်းမျက်နှာပြင်များနှင့်ရုံးသုံးပစ္စည်းများကိုသန့်ရှင်းရေးပုံမှန်ပြုလုပ်ရန်။

(ဘ) တာဝန်ထမ်းဆောင်နေစဉ်အတွင်းလေဝင်လေထွက်ကောင်းမွန်ရန်။

(မ) မေးမြန်းရမည့်သူသည် အသက်အရွယ်၊ စိတ်ကျန်းမာရေး၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေနှင့် ကိုဗစ်-၁၉နှင့် တားဆီးကာကွယ်ခြင်းဆိုင်ရာ အခြားအချက်အလက်များအရ ထိလွယ်ရှလွယ်သူ များဖြစ်ပါက ကွပ်ကဲမှုနှင့်

ထိန်းချုပ်မှုဗဟိုဌာန(Command and Control Center)ထံမှ လိုအပ်သည့် အကြံဉာဏ်များ ရယူရန်။

**ကိုဗစ် -၁၉ အတွက် စစ်ဆေးမည့် မေးခွန်းများ**

၁၀။ စုံစမ်းစစ်ဆေးမှုပြုလုပ်မည့် အရာရှိအားလုံးသည် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး စစ်ဆေးသည့်မေးခွန်းများအပါအဝင် အန္တရာယ်ကျရောက်နိုင်မှု စစ်ဆေးချက်ကို စဉ်းစားစစ်ဆေးရမည်-

(က) စစ်ဆေးခံရမည့်သူသည် မြန်မာနိုင်ငံအစိုးရမှ သတ်မှတ်ထားသော ကိုဗစ်-၁၉ ကူးစက်သည့် နိုင်ငံတစ်ခုသို့ ခရီးသွားခဲ့ခြင်း ရှိ/ မရှိ ။

(ခ) စစ်ဆေးခံရမည့်သူသည် မြန်မာနိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်သော နေရာတစ်ခုခုသို့ ခရီး သွားခဲ့ခြင်း ရှိ/ မရှိ ။

(ဂ) စစ်ဆေးခံရမည့်သူသည်အအေးမိခြင်း၊ချောင်းခြောက်ဆိုးခြင်း၊ ဖျားခြင်း၊ အသက်ရှူကြပ်ခြင်းနှင့် အသက်ရှူရခက်ခဲခြင်းတို့ကဲ့သို့ ရောဂါလက္ခဏာ တစ်မျိုးမျိုးရှိ/ မရှိ။ နာကျင်ကိုက်ခဲခြင်း၊ နှာပိတ်ခြင်း၊ နှာရေယိုခြင်း၊ လည်ချောင်းနာခြင်း (သို့) ဝမ်းလျှောခြင်းတို့ ရှိ/မရှိ။

(ဃ) စစ်ဆေးခံရမည့်သူသည် ကိုဗစ်-၁၉ ကူးစက်ခံရသူတစ်ဦးဦးနှင့် ထိတွေ့မှုရှိ /မရှိ ။

**စုံစမ်းစစ်ဆေးမှု ပြီးဆုံးစဉ် သတိပြုရမည့်အချက်များ**

၁၁။ လုပ်ငန်းတာဝန်ပြီးဆုံး၍ မိမိနေအိမ်သို့ပြန်ရောက်ပါက တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အရာရှိများနှင့် ဝန်ထမ်းများသည် အောက်ပါ ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများကို လိုက်နာဆောင်ရွက်ရမည်-

(က) တာဝန်မှ ပြန်လည်ရောက်ရှိသည်နှင့် ချက်ချင်းခေါင်းလျှော်ရေချိုးရန် (သို့)အကာအကွယ်မရှိသည့် အရေပြားနေရာတို့အား ဆပ်ပြာနှင့် ရေဖြင့်ဆေးရန်။ ဖြစ်နိုင်ပါက သီးခြားအခန်းတွင် အဝတ်လဲရန်။ ဖိနပ်များအပါအဝင် လုပ်ငန်းခွင်သုံးကိရိယာများကို သန့်ရှင်းရန် (သို့) ပိုးသတ်ရန်၊ ဖုန်မှုန့်(သို့)အမှုန်အမွှားတို့ ပျံ့နှံ့စေခြင်းကို ရှောင်ကျဉ်ရန်၊ထို့နောက်မှ မိသားစုဝင်များနှင့် တွေ့ရန်။

(ခ) လုပ်ငန်းခွင်အဝတ်များကို အဝတ်လျှော်ဆပ်ပြာဖြင့် ဖြစ်နိုင်သမျှ အမြန်ဆုံး လျှော်ဖွတ်ရန်။ မော်တော်ယဉ်အား သင်နှင့်အတူ အိမ်သို့ ယူလာပါက၊ ထိုယာဉ်အားအရေပြားမျက်လုံးများ၊ ပတ်ဝန်းကျင်နှင့်အခြားသန့်ရှင်းသည့် အဝတ်အထည်များနှင့်ထိတွေ့မှုနည်းသည့် နည်းလမ်းဖြင့် ဆေးကြောရန်၊ အဝတ်များကို လှုပ်ခါခြင်းရှောင်ကျဉ်ရန်။

(ဂ) Social Distancing ကို ထိန်းသိမ်းရန်၊ အရှေ့တွင်ဖော်ပြခဲ့သည့် ရောဂါကာကွယ်ခြင်း ဆောင်ရွက်ရန် စံသတ်မှတ်ချက်များကို လိုက်နာရန်။

(ဃ) အစားအသောက်ကို အခြားသူများနှင့် အတူတကွ မစားသင့်ပါ၊ မိမိ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် မိမိကိုယ်ကို သတိထားစောင့်ကြည့်ပြီး၊ နေမကောင်းဖြစ်သည့် လက္ခဏာများ (သို့) ကိုဗစ်-၁၉ ရောဂါ လက္ခဏာများအတွက် ကိုယ်တိုင်စောင့်ကြည့်ရန်။

(င) တာဝန်ထမ်းဆောင်နေစဉ်ကဲ့သို့ပင် တာဝန်ပြီးဆုံးချိန်တွင်လည်း မိမိသည် ရောဂါကူးစက်နိုင်သည့် အန္တရာယ်ထပ်တူရှိကြောင်း သတိပြုရန်။

၁၂။ Coronavirus Disease 2019 (COVID-19)တားဆီးကာကွယ်ထိန်းချုပ်နေသည့် ကာလအတွင်း တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ စုံစမ်းစစ်ဆေးရာတွင် ပါဝင်ကြသူများအနေဖြင့် ဤတည်မြဲလုပ်ထုံးလုပ်နည်းပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ထုတ်ပြန်အပ်ပါသည်။